# မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ

## (၂၀၁၂ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ်- ၅။)

## ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

## (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

[ ပြင်ဆင် : 24.04.2013, 31.12.2014 ]

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေ ရမည်-

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဝန်ကြီး** ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီး ကိုဆိုသည်။

(ဂ) **စည်ပင်သာယာရေးအဖွဲ့** ဆိုသည်မှာ စည်ပင်သာယာရေး လုပ်ငန်းများဆောင်ရွက်ရန် မကွေး တိုင်းဒေသကြီးအတွင်း မြို့နယ်၊ မြို့နယ်ခွဲအလိုက် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ဖွဲ့စည်းသော စည်ပင် သာယာရေးအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကော်မတီ၊ ဝန်ထမ်းအဖွဲ့တို့ ပါဝင်သည်။

(ဃ) **တိုင်းဒေသကြီး အကြီးအမှူး** ဆိုသည်မှာ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်း အကြီးအမှူးကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(စ) **ဝန်ထမ်းအဖွဲ့** ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းအဖွဲ့ကို ဆိုသည်။

(ဆ) **အမှုဆောင်အရာရှိ** ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းအကြီးအမှူးကို ဆိုသည်။

(ဇ) **စည်းကမ်းများ** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် ဝန်ကြီးကထုတ်ပြန်သော စည်ပင်သာယာရေးအဖွဲ့များ ဆိုင်ရာစည်းကမ်းများကို ဆိုသည်။

(ဈ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း** ဆိုသည်မှာ လုပ်ငန်းသဘာဝအရလည်းကောင်း၊ လုပ်ငန်းဆောင် ရွက်ပုံ၊ ဆောင်ရွက်နည်းများအရလည်းကောင်း လူ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ် စေနိုင်သော၊ ပစ္စည်းများကိုထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သော လုပ်ငန်းကို ဆိုသည်။

(ည) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့် အခွန်ကိုဆိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အခ၊ အကောက်နှင့်ဒဏ်ကြေးတို့လည်း ပါဝင်သည်။

(ဋ) **အနေးယာဉ်** ဆိုသည်မှာ ခရီးသည်၊ ကုန်ပစ္စည်းသယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူပို့ဆောင် ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ် ကို ဆိုသည်။

(ဌ) **အနေးယာဉ်မောင်းသူ** ဆိုသည်မှာ အနေးယာဉ်ကိုနင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူတို့ကို ဆိုသည်။

(ဍ) **ကူးတို့လုပ်ငန်း** ဆိုသည်မှာ မြစ်၊ ချောင်း သို့မဟုတ် အင်းများတွင်ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗာန်၊ စက်တပ်ရေယာဉ်၊ သင်္ဘောစသည်တို့ဖြင့် သယ်ယူ ပို့ဆောင်သည့် အများပြည်သူဆိုင်ရာ ကူးတို့လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့၊ တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်း ပါဝင်သည်။

(ဎ) **အခြားပုဂ္ဂလိကစီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ဤဥပဒေတွင် တိကျစွာသတ်မှတ် ဖော်ပြထားသော ပုဂ္ဂလိကစီးပွားဖြစ် ဝန်ဆောင်မှုလုပ်ငန်းများမှအပ ပုဂ္ဂလိကတစ်ဦးချင်းဖြစ်စေ၊ အစု အစပ် သို့မဟုတ် ဖက်စပ်ဖြစ်စေ၊ အသင်း သို့မဟုတ် ကုမ္ပဏီတည်ထောင်၍ဖြစ်စေ အကျိုးအမြတ် ရရှိစေရန် လုပ်ကိုင်ဆောင်ရွက်သောအခြား ပုဂ္ဂလိကစီးပွားဖြစ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းကိုဆို သည်။

(ဏ) **ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ ပညာရပ်တစ်ခုခုတွင် အထူးတတ်သိနားလည်မှုကို အသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်သောလုပ်ငန်းကို ဆိုသည်။

(တ) **တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များနှင့် မြို့စည်ပင်သာယာရေးအဖွဲ့များအား ဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲရန် ဖွဲ့စည်းထားသော တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ထမ်းအဖွဲ့ကိုဆိုသည်။

<ပြင်ဆင် 31.12.2014>

## အခန်း(၂)

## စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းခြင်း

၃။ အစိုးရအဖွဲ့သည် မကွေးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်-

(က) မြို့နယ်တစ်ခုကိုဖြစ်စေ၊ နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော မြို့နယ်များကိုစုစည်း၍ဖြစ်စေ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် စည်ပင်သာယာရေးအဖွဲ့ကို ဖွဲ့စည်းနိုင်ပြီး ဖွဲ့စည်းပုံ အဆင့်ကို သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်အတွင်းရှိ မြို့များနှင့်ကျေးရွာများကို မြို့ပြ စည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အလို့ငှာ မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ထည့်သွင်းဖွဲ့စည်းသတ်မှတ်နိုင်သည်။

<ပြင်ဆင် 31.12.2014>

## အခန်း(၃)

Myanmar Law Information System (MLIS)

## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန် စည်ပင်သာယာရေးကော်မတီကို သက်ဆိုင်ရာစည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်သည့် သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။ ကော်မတီကို ဖွဲ့စည်းရာတွင် ကော်မတီ၏ ဥက္ကဋ္ဌကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

<ပြင်ဆင် 24.04.2013>

၅။ အစိုးရအဖွဲ့သည် ကော်မတီကို ဖွဲ့စည်းရာတွင် ရွေးချယ်မှုဆိုင်ရာနည်းလမ်း သို့မဟုတ် ရွေးကောက်တင်မြှောက်မှုဆိုင်ရာနည်းလမ်းများ သတ်မှတ်ပေးရမည်။

၆။ အမှုဆောင်အရာရှိသည် ကော်မတီ၏ အတွင်းရေးမှူးဖြစ်သည်။

<ပြင်ဆင် 24.04.2013>

၇။ အစိုးရအဖွဲ့သည် ကော်မတီကိုဖွဲ့စည်းခြင်းမပြုနိုင်သည့်အခါတွင်ဖြစ်စေ၊ ဖွဲ့စည်းထားသည့် ကော်မတီ က ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်စွမ်းမရှိသည့်အခါတွင်ဖြစ်စေ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်စေရန် အမှုဆောင်အရာရှိ သို့မဟုတ် သင့်လျော်သော နိုင်ငံသားတစ်ဦးကို ကာလသတ်မှတ်၍ တာဝန်ပေးအပ်နိုင်သည်။

၈။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံ ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့်ရှိစေရမည်။

## အခန်း(၄)

## လုပ်ငန်းတာဝန်များ

၉။ ကော်မတီသည် စည်ပင်သာယာရေးအဖွဲ့၏ အောက်ပါလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ တည်ဆဲ ဥပဒေများနှင့်အညီ လမ်းညွှန်မှုပေးခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း ပြုရမည်-

(က) မြို့ပြစီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြေများကို တည်ဆဲဥပဒေများနှင့်အညီစီမံခန့်ခွဲခြင်း၊

(ဂ) ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(င) မိလ္လာလုပ်ငန်းများဆောင်ရွက်ခြင်း၊

(စ) လမ်းမီးပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဆ) စည်ပင်သာယာရေးဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း ၊

(ဇ) ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ ကုန်စည်ပြပွဲများ၊ ဈေးပွဲတော်များကို ကြီးကြပ်ခြင်း၊

(ဈ) ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ တိရစ္ဆာန်ပွဲဈေးများ တည်ထောင်ခြင်း၊ တည်ထောင် ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

Myanmar Law Information System (MLIS)

(ည) လမ်းဘေးဈေးဆိုင်များ ကြီးကြပ်ခြင်း၊

(ဋ) အစားအသောက်ဆိုင်ရာလုပ်ငန်းများ၊ စားသောက်ဆိုင်များကြီးကြပ်ခြင်း၊

(ဌ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများ၊ ပွဲရုံလုပ်ငန်းများကြီးကြပ် ခြင်း၊

(ဍ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အထောက်အကူပြု လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊

(ဎ) သားသတ်ရုံများတည်ထောင်ခြင်း၊ တည်ထောင်ခွင့်ပြုခြင်း၊ စားသုံးရန်ခြေလေးချောင်း တိရစ္ဆာန် များ သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းကိုကြီးကြပ်ခြင်း၊

(ဏ) ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း၊

(တ) ပုဂ္ဂလိက အပေါင်ဆိုင်လုပ်ငန်းများ ကြီးကြပ်ခြင်း၊

(ထ) အနေးယာဉ်များ စီမံခန့်ခွဲခြင်း၊

(ဒ) စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်းတံတားများတည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ လမ်းစည်းကမ်းနှင့် လမ်းအသုံးချမှု သတ်မှတ်ခြင်း၊

(ဓ) မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း လမ်းအမည်သတ်မှတ်ခြင်း၊ အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊

(န) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ပ) မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်၊ အဖွဲ့အစည်းပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဖ) အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပရှိ ကျေးလက်ဒေသတို့တွင် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ကြေညာ၍ ယင်းနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဗ) မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း လမ်းမြေ၊ နယ်နိမိတ်၊ အဖွဲ့ပိုင်မြေပေါ်ရှိ ကျူးကျော် အဆောက်အအုံများအား သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဖျက်သိမ်းခြင်း၊

(ဘ) တည်းခိုခန်းများဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ ဟိုတယ်၊ မိုတယ်၊ အင်း (Inn)၊ ဧည့်ဂေဟာ၊ ဘော်ဒါဆောင်များအား စစ်ဆေးကြီးကြပ်ခြင်း၊

(မ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းကိုသက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကြီးကြပ်ခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်း စေခြင်း၊

(ယ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသောက်သူများ ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းထိန်းသိမ်းစီမံခန့်ခွဲခြင်း၊

(ရ) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းစီမံခန့်ခွဲခြင်း၊

(လ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာ၊ ယာဉ်ရပ်နားစခန်း များ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

Myanmar Law Information System (MLIS)

(ဝ) သုသာန်များသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သင်္ဂြိုဟ်စက်များ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်း သိမ်းခြင်း၊

(သ) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုသာန်များကိုဖျက်သိမ်းခြင်း၊ ဖျက်သိမ်းသည့်သုသာန်မြေကို အခြားနည်းအသုံးပြုခြင်း၊

(ဟ) အများပြည်သူကိုအကျိုးပြုသော အခြားစည်ပင်သာယာရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဠ) အစိုးရအဖွဲ့ကအခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း။

## အခန်း(၅)

## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၁၀။ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့်သက် ဆိုင်သော အခွန်အမျိုးအစား၊ အတန်းအစားနှင့် နှုန်းထားသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်း၊ ကောက်ခံခြင်း၊

(ခ) ပြည်ထောင်စုအစိုးရထံမှဖြစ်စေ၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများထံမှဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိတာဝန်ဖြင့် ငွေချေး ယူခြင်း၊ အထောက်အပံ့များရယူခြင်း၊

(ဂ) ပြည်တွင်းပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်းပြည်ပ ပုဂ္ဂိုလ်တို့နှင့်ဆက်သွယ်၍ စည်ပင် သာယာရေး အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) အဆောက်အအုံများ ငှားရမ်း၍ဖြစ်စေ၊ မြေများငှားရမ်း၍ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေရရှိသည့် နိုင်ငံခြားငွေကို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများ အတွက် သုံးစွဲခြင်း၊

(င) နိုင်ငံတော်ကာကွယ်ရေးနှင့် သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ နိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို သက်ဆိုင်ရာသို့ တင်ပြခြင်း။

၁၁။ ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ နည်း ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းများ၊ စည်းမျဉ်းများကို ရေးဆွဲ၍ အစိုးရအဖွဲ့ထံအဆင့် ဆင့် တင်ပြခြင်း၊

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပုံငွေဖြင့် လုပ်ငန်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများအလိုက် အဖွဲ့ငယ်များ ဖွဲ့စည်း၍ဆောင်ရွက်ခြင်း၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ခေတ်မီတိုးတက်သည့် နည်းလမ်းများ၊ စနစ်များဖြင့်ဆောင်ရွက်ခြင်း၊

Myanmar Law Information System (MLIS)

(င) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) အစိုးရအဖွဲ့က အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း ။

## အခန်း(၆)

## အခွန်စည်းကြပ်ကောက်ခံခြင်း

၁၂။ ကော်မတီသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်တွင် ဖြစ်စေ၊ မြို့စည်ပင်သာယာရေး နယ်နိမိတ်တွင်ဖြစ်စေ အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံနိုင်သည်-

(က) အဆောက်အအုံနှင့် မြေခွန် ၊

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန်၊

(ဂ) ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးများအပေါ် ကောက်ခံသည့် အခွန် ၊

(ဃ) ပြင်ပမှ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဖြတ်သန်းသွားလာသော၊ ဝင်ရောက်ရပ် နားသောယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ်ကောက်ခံသည့်အခွန်၊

(င) ဤဥပဒေကခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

၁၃။ ကော်မတီသည် အောက်ပါအချက်များအပေါ်အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်းပြုရ မည်-

(က) အဆောက်အအုံနှင့် မြေခွန်တို့ကို စည်းကြပ်ရာတွင် တစ်နှစ်ငှားရမ်းခတန်ဖိုး၏၁ဂ ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန်၊

(ခ) ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ် မျှတစေရန်၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်၊

(ဃ) အဆောက်အအုံနှင့် မြေခွန်ကို ပိုင်ရှင်ထံမှစည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိနေ ထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်၊

(င) အစိုးရက စီမံခန့်ခွဲသော ပုဂ္ဂလိကပိုင် အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် ယင်း အဆောက်အအုံနှင့် မြေမှဝင်ငွေအားလုံး၏ ၅ ရာခိုင်နှုန်းထက်မပိုစေဘဲ စည်းကြပ်ရန်။

၁၄။ ကော်မတီသည် အဆောက်အအုံနှင့်မြေခွန်၊ ဝန်ဆောင်ခွန်များ စည်းကြပ်ကောက်ခံရန် အဆောက် အအုံနှင့်မြေ၏ တစ်နှစ်ငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

၁၅။ ကော်မတီသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းလိုင်စင်ခ များ၊ စည်ပင်သာယာရေးဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်များနှင့် ပုဂ္ဂလိကပိုင်ဈေးများ တည် ထောင်ခွင့် လိုင်စင်ခတို့ကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်းပြု နိုင်သည်။

၁၆။ ကော်မတီသည် အခွန်တစ်ရပ်ရပ်ကိုဖျက်သိမ်းခြင်း၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျော်ပစ်ခြင်း၊ ပယ်ဖျက်ခြင်း၊ လျှော့ပေါ့ခြင်းတို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

Myanmar Law Information System (MLIS)

(က) စည်းကြပ်သော အခွန်တစ်ရပ်ရပ်ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖျက်သိမ်းခြင်း သို့မဟုတ် ထောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်း၊

(ခ) ခိုင်လုံသောအကြောင်းရှိပါကတိုင်းဒေသကြီးအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် အခွန်ထမ်းတစ်ဦးဦး ပေးဆောင်ရန်ရှိသောအခွန်ကို ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော့ပစ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ လျော့ ပေါ့ခြင်း။

၁၇။ အမှုဆောင်အရာရှိသည် အခွန်ကြွေးကျန်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း သို့မဟုတ် တည်ဆဲ ဥပဒေများအရ တရားစွဲဆိုကောက်ခံခြင်း၊

(ခ) အခွန်ကြွေးကျန်များကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံပါက တည်ဆဲဥပဒေများအရ ကော်လိပ်တော်အရာရှိ၏လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း(၇)
## စည်ပင်သာယာရေးလုပ်ငန်းများစီမံခန့်ခွဲခြင်း

၁၈။ ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အအုံ၊ မြေတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများနှင့် အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင် သူအား ညွှန်ကြားနိုင်သည်-

(က) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ အဆောက် အအုံဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကို သို့မဟုတ် တိုးချဲ့ဆောက်လုပ်ထား သည်ကို ရပ်ဆိုင်းထားစေခြင်း၊ ပြန်လည် ပြုပြင်စေခြင်း သို့မဟုတ် ဖြိုဖျက်စေခြင်း၊

(ခ) အများပြည်သူနှင့် သက်ဆိုင်သောလမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်စသည် များပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်စေကျူးကျော် ဆောက်လုပ် သည်ကို ဖယ်ရှားစေခြင်း၊

(ဂ) အများပြည်သူနှင့် သက်ဆိုင်သော လမ်း၊ တံတားတည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းပြုရာတွင် မလွတ်ကင်းသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏အစိတ်အပိုင်းကို ဖယ်ရှားစေခြင်း၊

(ဃ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန် မသင့်လျော်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏အစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း သို့မဟုတ် နေထိုင်နေသူများ ကို ဖယ်ရှားစေခြင်း၊

(င) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊

(စ) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊

Myanmar Law Information System (MLIS)

(ဆ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံပင်များကို ခုတ်ထွင် ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကိုမြေဖို့စေခြင်း၊ ချိုင့်ဝှမ်းဖြစ်အောင်မြေတူးဖော်ခြင်းကို တားမြစ်ခြင်း၊ ကုန်း၊ ကမူကို မြေညှိစေခြင်း၊ ကုန်း၊ ကမူဖြစ်အောင်ပြုလုပ်ခြင်းကို တားမြစ်ခြင်း၊ ရေစီးရေလာကောင်းမွန် အောင်ဆောင်ရွက်စေခြင်း။

၁၉။ ပုဒ်မ၁၈ ပုဒ်မခွဲ(င)နှင့် (စ)တို့အရ လိုက်နာဆောင်ရွက်ရန် လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၂၀။ ကော်မတီသည် မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာ အညစ်အကြေးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်း များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင် စသည်တို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့် စေခြင်း၊ ဖုံးအုပ်စေခြင်း၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှစီးဆင်းသည့်ရေကြောင့်အများပြည်သူနှင့် သက်ဆိုင် သောလမ်းနှင့် အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာကောင်းစေရန် ရေတလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်းစသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း သို့မဟုတ် တူးဖော်ရှင်းလင်းစေခြင်း၊ စီးပွားရေးလုပ်ငန်းမှ ထွက်ရှိသောရေဆိုးများအား အများပြည်သူ ကျန်းမာရေးထိခိုက်မှုမရှိစေရန် စနစ်တကျစီမံ စွန့်ပစ်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းမွန်စွာ ထုတ်ပစ်နိုင်ရန် မြေကိုပြုပြင်စေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို စီမံထားရှိစေခြင်း၊

(စ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထား သည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဆ) မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် ဆက်စပ်နေသောမြေ ကိုဖြတ်၍ ဆောင်ရွက်ရလျှင် ယင်းမြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊

(ဇ) မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် ယင်းမြေပိုင် ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် ကော်မတီကသတ်မှတ်သည့် သင့်လျော်သောလျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအားပေးစေခြင်း ။

၂၁။ ကော်မတီသည် မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံ ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူ သို့မဟုတ် လုပ်ငန်း လုပ်ကိုင်သူအား ညွှန်ကြား နိုင်သည်-

Myanmar Law Information System (MLIS)

(က) အမှိုက်များနှင့် နံစော်နေသောအရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ထည့်ထားရန် သင့်လျော်သော အမှိုက်ပုံးများစီမံထားရှိစေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်ကြောင်း တွေ့ရှိရသည့် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ် ငန်း၊ ကိုယ်ပိုင်ရေပေးရေး လုပ်ငန်းတို့ကို အသုံးပြုခြင်းမှ ပိတ်ထားစေခြင်း၊

(ဂ) တည်းခိုခန်း၊ ဟိုတယ်၊ မိုတယ်၊ အင်း(Inn)၊ ဘော်ဒါဆောင်၊ အခန်းလိုက်ငှားသော အဆောက် အအုံကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန် ဆောင်ရွက်စေခြင်း၊

(ဃ) အများပြည်သူပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့် မြေ၊ အဆောက်အအုံတို့ကို ကျန်းမာသန့်ရှင်း ရေးနှင့် ညီညွတ်စေရန်လည်းကောင်း၊ မီးဘေးလုံခြုံရေးရှိစေရန် လည်းကောင်း၊ ဘေးအန္တရာယ် မရှိစေ ရန်လည်းကောင်း ဆောင်ရွက်စေခြင်း၊

(င) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲနေစေခြင်း သို့မဟုတ် ပြင်ဆင်စီမံဆောင်ရွက်စေခြင်း သို့မဟုတ် လုပ်ငန်းကို ရပ်ဆိုင်းစေခြင်း။

၂၂။ ပုဒ်မ ၁၈၊ ၂၀၊ ၂၁ ပါညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိကို ကော်မတီက ဖြစ်စေ၊ ကော်မတီဝင်ကဖြစ်စေ၊ နည်းလမ်းတကျအခွင့်အာဏာ လွှဲအပ်ခြင်းခံရသော စည်ပင်သာယာ ရေးအဖွဲ့ဝန်ထမ်းကဖြစ်စေ၊ နေ့အချိန်တွင် ဝင်ရောက်စစ်ဆေးနိုင်သည်။

၂၃။ ကော်မတီသည် အစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူကာ အသုံးပြုရန် မသင့်လျော်သည့် သုသာန် မြေနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သည့် အဖွဲ့အစည်းအား ညွှန်ကြားနိုင်သည်-

(က) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊

(ခ) သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း၊

(ဂ) အခြားနည်းအသုံးပြုစေခြင်း။

## အခန်း(၈)

## အနေးယာဉ်များစီမံခန့်ခွဲခြင်း

၂၄။ ကော်မတီသည် အနေးယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အနေးယာဉ်အမျိုးအစားအလိုက် စည်းကမ်းများရေးဆွဲတင်ပြခြင်း၊

(ခ) အနေးယာဉ်လိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) အနေးယာဉ်မောင်း လိုင်စင်ခသတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဃ) အနေးယာဉ်လိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(င) အနေးယာဉ်မောင်း လိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

Myanmar Law Information System (MLIS)

(စ) အငှားယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) အငှားယာဉ်မောင်းသူများအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

၂၅။ ကော်မတီကထုတ်ပေးသော လိုင်စင်ရရှိသူသာ အငှားယာဉ်တည်ထောင် လုပ်ကိုင်ခွင့်ရှိသည်။

၂၆။ ကော်မတီက ထုတ်ပေးသော လိုင်စင်ရရှိသူသာ အငှားယာဉ်မောင်းနှင်ခွင့်ရှိသည်။

၂၇။ အငှားယာဉ်ပိုင်ရှင်နှင့် အငှားယာဉ်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၉)

## ကူးတို့လုပ်ငန်းများစီမံခန့်ခွဲခြင်း

၂၈။ ကော်မတီသည် မိမိမြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်း ကြီးကြပ်သူ အဖြစ် ယင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ တိုင်းဒေသကြီး အကြီးအမှူးထံ တင်ပြခွင့်ပြုချက်ရယူ၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ကူးတို့လုပ်ငန်း တည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ် သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်း လမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေ သတ်မှတ်ခြင်း၊

(ဆ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခသတ်မှတ်ခြင်း၊

(ဇ) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခကင်းလွတ်ခွင့်ပြုခြင်း၊

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၂၉။ တိုင်းဒေသကြီးအကြီးအမှူးသည် တိုင်းဒေသကြီးကူးတို့လုပ်ငန်း ကြီးကြပ်သူအဖြစ် မကွေး တိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်များ၊ ယင်းမြို့နယ်များနှင့် ဆက်စပ်နေသော ကူးတို့လုပ်ငန်းနှင့် စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်း လမ်းကြောင်းသတ်မှတ်ခြင်း၊

Myanmar Law Information System (MLIS)

(င) ကူးတို့လုပ်ငန်းနယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည့် စည်ပင်သာယာရေးအဖွဲ့များသို့ ကူးတို့လုပ် ငန်းဝင်ငွေများကို အချိုးကျခွဲဝေသတ်မှတ်ပေးခြင်း၊

(စ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ဆ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သောအမှုဆောင်အရာရှိအားခန့်ထားခြင်း၊

(ဇ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လိုင်စင် အတွက်လျော် ကြေးပေးရန်ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဈ) ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ည) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခကင်းလွတ်ခွင့်ပြုခြင်း၊

(ဋ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၀။ အမှုဆောင်အရာရှိသည် ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။ ကူးတို့ လုပ်ငန်းအုပ်ချုပ်သူသည် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ကူးတို့လုပ်ငန်းကို အုပ်ချုပ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေး အတွက် အစီအစဉ်များ ပြုလုပ်စေခြင်း၊

(ဃ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့် နည်းလမ်းဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း။

၃၁။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်တစ်ခုအတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခွင့် ရှိသည်။

၃၂။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာ များကို ပြင်ဆင်ထိန်းသိမ်းရန် သို့မဟုတ် ဆက်လက်အသုံးမပြုရန် ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ညွှန်ကြားသည် ကို လိုက်နာဆောင်ရွက်ရမည်။

၃၃။ အစိုးရအဖွဲ့သည် ကူးတို့လုပ်ငန်းတည်ရှိရာဒေသနှင့်စပ်လျဉ်း၍ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုနှင့် အငြင်းပွားမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၃၄။ ပုဒ်မ ၃၀ သို့မဟုတ် ၃၂ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကူးတို့လုပ်ငန်း အုပ်ချုပ်သူက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်းသက်ဆိုင်ရာ ကူးတို့လုပ်ငန်းကြီးကြပ်သူထံ အယူခံဝင်နိုင် သည်။

၃၅။ (က) ပုဒ်မ ၂၈ သို့မဟုတ် ပုဒ်မ ၂၉ အရ ကူးတို့လုပ်ငန်း ကြီးကြပ်သူက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀)အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

Myanmar Law Information System (MLIS)

(ခ) ပုဒ်မ ၃၄ အရ ကူးတို့လုပ်ငန်း ကြီးကြပ်သူက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၆၀)အတွင်း ဝန်ကြီး ထံအယူခံဝင်နိုင်သည်။

(ဂ) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးကချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၁၀)

## တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း

၃၆။ ကော်မတီသည် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို အများပြည်သူစားသုံးရန် အလို့ငှာ စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံများနှင့် အဖွဲ့ကသတ်မှတ်သည့်နေရာများတွင် စည်းကမ်းများ နှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်ထားသည့်နေရာနှင့် သတ်မှတ်ထားသည့် နယ်နိမိတ်အတွင်း စည်း ကမ်းများနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

၃၇။ ကော်မတီသည် မကွေးတိုင်းဒေသကြီးအတွင်း မည်သည့်ဒေသတွင်မဆို အများပြည်သူစားသုံးရန် မှအပ နိုင်ငံတော်မှ တရားဝင်သတ်မှတ်ပေးထားသည့် ဘာသာရေးနေ့နှင့် အထူးသီးခြား ကိစ္စရပ်များ အတွက် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက် သတ်ဖြတ်ခွင့်အမိန့်ကို သတ်မှတ်ချက်များနှင့်အညီ တိုင်းဒေသကြီး အကြီးအမှူး၏ ကြီးကြပ်မှုဖြင့် ခွင့်ပြုနိုင်သည်။

၃၈။ ကော်မတီသည် အများပြည်သူ စားသုံးရန်မှအပ တိုင်းရင်းသားရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ ပြုလုပ်ရသည့် ကိစ္စရပ်များအတွက် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက် သတ်ဖြတ်ခွင့်ကို သတ်မှတ် ချက်များနှင့်အညီ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် ခွင့်ပြုနိုင်သည်။

၃၉။ ကော်မတီသည် စားသောက်ဆိုင်များတွင် ရောင်းချသည့် သို့မဟုတ် ရောင်းချရန်ခင်းကျင်းပြသ ထားသည့် အသားဟင်းလျာမှာ အဖွဲ့မှသတ်မှတ်သည့်နေရာတွင် သတ်ဖြတ်သည့်အသား မှန်ကန်မှုရှိ၊ မရှိ စစ်ဆေးကြီးကြပ်နိုင်သည်။

၄၀။ အစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ ဝန်ကြီးသည် တိရစ္ဆာန်သတ်ဖြတ်မှုနှင့် စပ်လျဉ်း၍ လယ်ယာ လုပ်ငန်းသုံး ကျွဲ၊ နွား တိရစ္ဆာန်များ ပြုန်းတီးမှုမရှိစေရန်၊ အခြားလိုအပ်သော သတ်မှတ်ချက်များကို ထုတ်ပြန်နိုင်သည်။

၄၁။ ပုဒ်မ ၃၆၊ ၃၇၊ ၃၈ အရ ခွင့်ပြုချက်ရရှိသူသာလျှင် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့်သားရေကို လက်ဝယ်ထားခြင်းပြုနိုင်သည်။

## အခန်း(၁၁)

## ကြီးကြပ်ခြင်း

၄၂။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီး သို့မဟုတ် တိုင်းဒေသကြီး အကြီးအမှူး သို့မဟုတ် ကော်မတီ၏ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင် ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၄၃။ ဝန်ကြီးသည် တိုင်းဒေသကြီးအကြီးအမှူး သို့မဟုတ် ကော်မတီ၏လုပ်ငန်း ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ လိုအပ်သလိုစိစစ်ပြီး အစိုးရအဖွဲ့ထံတင်ပြရမည်။

Myanmar Law Information System (MLIS)

၄၄။ ဝန်ကြီးသည် စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည်။

၄၅။ တိုင်းဒေသကြီးအကြီးအမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) စည်ပင်သာယာရေးအဖွဲ့များက ရေးဆွဲတင်ပြလာသော နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို စိစစ်၍ ဝန်ကြီးထံတင်ပြခြင်း၊

(ခ) အရအသုံးခန့်မှန်းခြေငွေစာရင်း ကြီးကြပ်မှုကို ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာ၌ ပိုမိုချောမွေ့အဆင်ပြေစေရန် ဝန်ကြီးကခွဲဝေပေးသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း၊

(ဃ) စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်သောလုပ်ငန်းများ၊ အဆောက်အအုံများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ဝန်ကြီးထံတင်ပြခြင်း၊

(င) ဥပဒေနှင့်မညီညွတ်သော ကော်မတီ၏ဆုံးဖြတ်ချက်၊ အမိန့်၊ ဆောင်ရွက်ချက် သို့မဟုတ် ညွှန်ကြား ချက်ကို စစ်ဆေးတွေ့ရှိလျှင် ရပ်ဆိုင်းထားစေပြီး တွေ့ရှိချက်ကို ဝန်ကြီးထံတင်ပြခြင်း။

## အခန်း (၁၂)
## အယူခံဝင်ခြင်း

၄၆။ ပုဒ်မ ၁၄၊ ပုဒ်မ ၁၈ ပုဒ်မခွဲ (ဂ)၊ (င)၊ (စ)၊ ပုဒ်မ ၂၀ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (ဆ)၊ (ဇ) ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)၊ (င)၊ ပုဒ်မ ၂၃ ပုဒ်မခွဲ (က)တို့အရ ကော်မတီကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း တိုင်းဒေသကြီးအကြီးအမှူးထံ အယူခံဝင်နိုင်သည်။

၄၇။ ပုဒ်မ ၄၆ အရ တိုင်းဒေသကြီးအကြီးအမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေ နပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၄၈။ အယူခံမှုနှင့် စပ်လျဉ်း၍-

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ။

(ခ) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးကချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၁၃)
## ဘဏ္ဍာရေး

၄၉။ ဝန်ကြီးသည် စည်ပင်သာယာရေးအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို အစိုးရအဖွဲ့သို့ တင်ပြ ပြီး အတည်ပြုရမည်။ ဝန်ကြီးသည် အစိုးရအဖွဲ့ကအတည်ပြုထားသော အရအသုံးခန့်မှန်းခြေ ငွေစာရင်း နှင့်အညီ သုံးစွဲရန်ခွင့်ပြုရမည်။

၅၀။ ကော်မတီသည်-

Myanmar Law Information System (MLIS)

(က) အမှုဆောင်အရာရှိက တင်ပြလာသော နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကိုစိစစ်၍ တိုင်းဒေသကြီးအကြီးအမှူးမှတစ်ဆင့် ဝန်ကြီးနှင့်အစိုးရအဖွဲ့ထံ တင်ပြရမည်။

(ခ) နှစ်စဉ်ဘဏ္ဍာရေးနှင့် စာရင်းစစ်ဆေးရေးလုပ်ငန်းများ၏ အခြေအနေကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး နောက်ရက်ပေါင်း(၉၀)အတွင်း တိုင်းဒေသကြီးအကြီးအမှူးမှတစ်ဆင့်အစိုးရအဖွဲ့ထံ တင်ပြရမည်။

၅၁။ ကော်မတီသည် မိမိရန်ပုံငွေကို သီးခြားဘဏ်စာရင်းထားရှိ၍ စည်ပင်သာယာရေးလုပ်ငန်းများ အတွက်သုံးစွဲပိုင်ခွင့်ရှိသည်။ လတ်တလောအသုံးပြုရန်မလိုအပ်သည့် ရန်ပုံငွေကိုတိုးပွားအောင်သတ်မှတ် ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

၅၂။ ကော်မတီသည် ရရှိသောနိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။

## အခန်း(၁၄)
## ဝန်ထမ်းဖွဲ့စည်းပုံ

၅၃။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့ တစ်ဖွဲ့စီ၏ လုပ်ငန်းတာဝန်များနှင့် ဝင်ငွေပမာဏကို အခြေခံလျက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သောဝန်ထမ်း ဖွဲ့စည်းပုံကို ရေးဆွဲအတည်ပြုထားရှိရမည်။ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲရာတွင်လိုအပ်ပါက စည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းများကို ထည့်သွင်း ဖွဲ့စည်းနိုင်သည်။

၅၄။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လိုအပ်ပါက ဥပဒေနှင့်အညီ စည်းကမ်းတကျရှိစေရေးအတွက် ဥပဒေအရာရှိနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝန်ထမ်းများအား ထည့်သွင်း ဖွဲ့စည်းနိုင်သည်။

၅၅။ အစိုးရအဖွဲ့သည် ဝန်ထမ်းများခန့်ထားရာတွင် တည်ဆဲစည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းပုံအတွင်းခန့်ထားနိုင်ခွင့်ရှိသည်။ သင့်လျော်သည့် ဝန်ထမ်းအဆင့်များနှင့်စပ်လျဉ်း၍ ဝန်ထမ်းရေး ရာကိစ္စရပ်များ ဆောင်ရွက်ရန် တိုင်းဒေသကြီးအကြီးအမှူးနှင့် အမှုဆောင်အရာရှိအား ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးနိုင်သည်။

၅၆။ ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ထက် ကျော်လွန်ခြင်းမရှိစေရ။

၅၇။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်မည့် ဝန်ထမ်း များကို အခြားဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ လွှဲပြောင်းရယူခန့်ထားနိုင်သည်။

၅၈။ ကော်မတီဝင်များ၊ ဝန်ထမ်းအဖွဲ့နှင့် စည်ပင်သာယာရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အခ ကြေးငွေဖြင့် ငှားရမ်းတာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်တို့ကို တာဝန်ထမ်းဆောင်ချိန်၌ ပြည်သူ့ဝန်ထမ်း အဖြစ် မှတ်ယူရမည်။

## အခန်း(၁၅)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၅၉။ အစိုးရအဖွဲ့သည် အမှုဆောင်အရာရှိက ငွေစာရင်းများကိုစနစ်တကျထိန်းသိမ်းထားနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန် ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။ သတ်မှတ်ထားရှိသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းများ ပြုစု ထားရှိစေရမည်။

၆၀။ အမှုဆောင်အရာရှိက ထိန်းသိမ်းထားရှိသည့်စာရင်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးအပ်ခြင်းခံရသူ၏ စစ်ဆေးခြင်းကို ခံယူစေရမည်။

Myanmar Law Information System (MLIS)

## အခန်း(၁၆)

## တားမြစ်ချက်များ

၆၁။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင်-

(က) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်မိလ္လာပိုက်တစ်ခုခု ပေါ်တွင် ကျူးကျော်၍အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဝင်းခြံကိုဖြစ်စေ ဆောက်လုပ်ခြင်း သို့မဟုတ် ကာရံခြင်းမပြုရ။

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခု ပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း သို့မဟုတ် ဆွဲ ထားခြင်းမပြုရ။

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်းများ၏ လမ်းမျက်နှာပြင်ထက်မြင့်၍ မည်သည့်ကြမ်းခင်း ကိုမျှ လမ်းနယ်နိမိတ်အတွင်း မပြုလုပ်ရ။

၆၂။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ ထုတ်ပြန်ထားသည့် စည်ကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိ လျှင်-

(က) အများပြည်သူသွားလာသည့် လမ်း၊ လမ်းနယ်နိမိတ်ပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ။

(ခ) လမ်း၊ လမ်းနယ်နိမိတ်ပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်း ကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျတ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထု တစ်ခုခု ခင်းကျင်းခြင်း၊ ဈေးရောင်းခြင်းမပြုရ။ မည်သည့် ရေစီးရေလာမြောင်းကိုမျှ ဟန့်တားပိတ်ဆို့မှုမရှိစေရ။

(ဂ) ရေမြောင်းအတွင်း ရေစီးရေလာကောင်းမွန်မှုကို ထိခိုက်ပိတ်ဆို့စေရန် မပြုလုပ်ရ။

(ဃ) အမှိုက်၊ မိလ္လာအညစ်အကြေး စသည်တို့ကို လမ်းပေါ် သို့မဟုတ် လမ်းနယ်နိမိတ် သို့မဟုတ် ရေ မြောင်း သို့မဟုတ် စွန့်ပစ်ရန် သတ်မှတ်မထားသောနေရာတွင် စွန့်ပစ်ခြင်းမပြုရ။

(င) ကိုယ်ပိုင်လမ်း ဖောက်လုပ်ခြင်းမပြုရ။

(စ) ဝင်ထွက်နိုင်သော လမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရ။

၆၃။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိ လျှင်-

(က) အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း မပြုရ။

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့် သက်ဆိုင်သောရေပေးရေးလုပ်ငန်းမှ ရေကိုရယူသုံး စွဲခြင်းမပြုရ။

(ဂ) ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(ဃ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၆၄။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင်-

(က) လူသေအလောင်းကို သတ်မှတ်သည့်ကာလထက် ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း သို့မဟုတ် မီးမသင်္ဂြိုလ်ဘဲထားခြင်း မပြုရ။

(ခ) ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့်လူသေအလောင်းကို ၁၂နာရီထက် ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း သို့မဟုတ် မီးမသင်္ဂြိုလ်ဘဲထားခြင်း မပြုရ။

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ် ခြင်း သို့မဟုတ် မီးသင်္ဂြိုလ်ခြင်း မပြုရ။

၆၅။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ် မှုမရှိလျှင်-

(က) တည်းခိုခန်း၊ ဟိုတယ်၊ မိုတယ်၊ အင်း(Inn)၊ ဧည့်ဂေဟာ၊ ဘော်ဒါဆောင် တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(ခ) မည်သည့် အစားအသောက်ရောင်းချသည့် ဆိုင်မျှဖွင့်လှစ်ရောင်းချခြင်း မပြုရ။

(ဂ) မည်သည့်အစားအသောက်ထုတ်လုပ်သည့် လုပ်ငန်းမျှ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။

၆၆။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့် ဖြစ်စေ ညီညွတ် မှုမရှိလျှင် ဥပစာတစ်ခုအတွင်း-

(က) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်း၊ အခြားပုဂ္ဂလိကစီးပွားဖြစ် ဝန်ဆောင်မှုလုပ်ငန်း၊ ကျွမ်းကျင်မှု ဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

(ခ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်း သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းနှင့် သက်ဆိုင်သော ပစ္စည်းများကိုရောင်းချခြင်း သို့မဟုတ် သိုလှောင်ခြင်းမပြုရ။

၆၇။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသော စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင်-

(က) တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်း၊ လွှတ်ကြောင်းခြင်း မပြုရ။

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီ မဟုတ်ဘဲ အခြားနည်းလမ်းဖြင့် သုတ် သင်ရှင်းလင်းခြင်း မပြုရ။

Myanmar Law Information System (MLIS)

၆၈။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ၊ ညီညွတ်မှုမရှိလျှင်-

(က) ကိုယ်ပိုင်ဈေးကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်း ရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီးသောဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း၊ သို့မဟုတ် ဈေး၏ မူလဧရိယာအကျယ်အဝန်းကိုတိုးချဲ့ခြင်း မပြုရ။

(ခ) မမှန်ကန်သည့် အလေးချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်း မပြုရ။

(ဂ) စည်ပင်သာယာရေးဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ရောင်းချခြင်း မပြုရ။

(ဃ) ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဝက်၊ ကြက်၊ ဘဲ တိရစ္ဆာန်ပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

(င) ရေခဲ၊ ရေသန့်နှင့် အချိုရည်စက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။

(စ) ပုဂ္ဂလိက အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(ဆ) ကုန်စည်ပြပွဲ၊ ဈေးပွဲတော်များ၊ ပြခန်းများ တည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

၆၉။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း-

(က) ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းကမ်းများအရ တာဝန်ဝတ္တရားဆောင်ရွက်ရန် မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ နေ့အချိန် ဝင်ရောက်မည့် ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာ လွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်း၊ နှောင့်ယှက်ခြင်းမပြုရ။

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကော်မတီနှင့် စာချုပ်ချုပ်ဆို ထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်း နှင့်ဆက်နွယ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုနိုင်စေရန် ဥပဒေနှင့်အညီမဟုတ်ဘဲ ပိတ်ပင်ခြင်း သို့မဟုတ် တားဆီးနှောင့်ယှက်ခြင်း မပြုရ။

## အခန်း(၁၇)
## စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း

၇၀။ ကော်မတီ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အမှုဆောင်အရာရှိသည် ပုဒ်မ ၇၅ တွင် ဖော်ပြထား သော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများ ကိုလည်းကောင်း၊ လိုက်နာရန် ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင် ရာ ပြစ်ဒဏ်ချမှတ်နိုင်သည်။

၇၁။ ကော်မတီ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အမှုဆောင်အရာရှိသည် ပုဒ်မ ၇၅ တွင် မည်သို့ပင် ပြဋ္ဌာန်းစေကာမူ ပထမအကြိမ်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေ အနည်းဆုံးကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ ချမှတ်နိုင်သည်။

၇၂။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များချမှတ်သည့် ပြစ်မှုအတွက် တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်း မပြုရ။

၇၃။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အဖြစ်ချမှတ်သည့် ဒဏ်ကြေးငွေဆောင်ရန် ပျက်ကွက်ပါက ထိုဒဏ်ကြေးငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည် သို့မဟုတ် တည်ဆဲဥပဒေများ နှင့်အညီ တရားစွဲဆို ကောက်ခံရမည်။

၇၄။ အစိုးရအဖွဲ့သည် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရမည့် နည်းလမ်းများကို သတ်မှတ် နိုင်သည်။

## အခန်း(၁၈)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၇၅။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လည်း ကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း၊ လိုက်နာရန် ပျက်ကွက် ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်-

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၈(င) | အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊ |
| ၁၈(စ) | ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊ |
| ၁၈(ဆ) | အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့်သစ်ပင်၊ ချုံပင်များကို ခုတ်ထွင်ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း၊ ချိုင့်ဝှမ်းဖြစ်အောင် မြေတူး ဖော်ခြင်းကို တားမြစ်ခြင်း၊ ကုန်း၊ ကမူကို မြေညှိစေခြင်း၊ ကုန်း၊ ကမူဖြစ်အောင် ပြုလုပ်ခြင်းကို တားမြစ်ခြင်း၊ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်စေခြင်း၊ အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင် စေခြင်း၊ |
| ၂၀(ခ) | ရေတွင်း၊ ရေကန်၊ရေလှောင်ကန်၊ ရေစည်၊ရေအိုင်စသည်တို့ကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊ |
| ၂၀(ဂ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှ စီးဆင်းသည့်ရေကြောင့် အများ ပြည်သူနှင့် သက်ဆိုင်သောလမ်းနှင့်အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေ ရန်နှင့် ရေစီးရေလာကောင်းစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း စသည် တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊ သို့မဟုတ် တူးဖော်ရှင်းလင်း စေခြင်း၊ စီးပွားရေးလုပ်ငန်းမှ ထွက်ရှိသော ရေဆိုးများအား အများပြည်သူကျန်းမာရေးထိခိုက်မှုမရှိစေရန် စနစ်တကျစီမံ စွန့်ပစ်စေခြင်း၊ |

Myanmar Law Information System (MLIS)

| | |
|---|---|
| ၂၀(စ) | ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို ပိတ်ထားစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ ပြောင်းလဲပြင်ဆင်စေခြင်း၊ |
| ၂၀(ဆ) | မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် ဆက်စပ်နေသော မြေကိုဖြတ်၍ ဆောင်ရွက်ရာတွင် ယင်းမြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊ |
| ၂၁(က) | အမှိုက်များစွန့်ပစ်ရန် အမှိုက်ပုံးများထားရှိစေခြင်း၊ |
| ၂၁(ဃ) | ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့်မြေ၊ အဆောက်အအုံကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန် လည်းကောင်း၊ မီးဘေးလုံခြုံရေးရှိစေရန် လည်းကောင်း၊ ဘေး အန္တရာယ် မရှိစေရန်လည်းကောင်း၊ သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်စေ ခြင်း၊ |
| ၂၅ | အနေးယာဉ်လိုင်စင်မရှိဘဲ အနေးယာဉ်ကိုတည်ထောင်လုပ်ကိုင်ခြင်း၊ |
| ၂၆ | အနေးယာဉ်မောင်းလိုင်စင်မရှိဘဲ အနေးယာဉ်မောင်းနှင်ခြင်း၊ |
| ၂၇ | အနေးယာဉ်ပိုင်ရှင်နှင့် အနေးယာဉ်မောင်းသူတို့အား သတ်မှတ်ထားသည့် စည်းကမ်း များကို လိုက်နာစေခြင်း၊ |
| ၆၁(ခ) | လမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် ပိတ်ဆို့၍ပစ္စည်း များဖြန့်ထားခြင်း၊ ဆွဲထားခြင်းမပြုရန်တားမြစ်ခြင်း၊ |
| ၆၂(က) | လမ်း၊ လမ်းနယ်နိမိတ်ပေါ်တွင် ကစားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၂(ခ) | လမ်း၊ လမ်းနယ်နိမိတ်နှင့် လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများခင်းကျင်းဈေးရောင်းခြင်း မပြုရန်နှင့် ရေစီးရေလာမြောင်းကို ဟန့်တား ပိတ်ဆို့မှုမရှိရန် တားမြစ်ခြင်း၊ |
| ၆၂(ဃ) | အမှိုက်၊ မိလ္လာအညစ်အကြေး စသည်တို့ကို လမ်းပေါ် သို့မဟုတ် လမ်းနယ်နိမိတ် သို့မဟုတ် ရေမြောင်း သို့မဟုတ် စွန့်ပစ်ရန် သတ်မှတ်မထားသောနေရာတွင် စွန့်ပစ် ခြင်းမပြုရန်တားမြစ်ခြင်း၊ |
| ၆၃(ခ) | စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှ ရေကိုစည်းကမ်းများနှင့် ညီညွတ်မှုမရှိဘဲ ရယူသုံးစွဲခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇(က) | တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်း၊ လွှတ်ကြောင်းခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၈(ခ) | မမှန်မကန်သည့် အလေးချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်း ချခြင်း၊ ဝယ်ယူခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၈(ဂ) | စည်ပင်သာယာရေးဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |

Myanmar Law Information System (MLIS)

ရှင်းလင်းချက်။ အထက်ဖော်ပြပါ ဇယားစာတိုင်(၂) “ ပြဋ္ဌာန်းချက်အကျဉ်း” ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာဖြစ် သည်။

၇၆။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လည်း ကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကို လည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရ လျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀၀ မှ အများဆုံးကျပ် ၁၀၀၀၀၀ အထိ ချမှတ်ခြင်းခံရ မည်-

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၈(က) | စည်းကမ်းနှင့်ညီညွတ်မှုမရှိဘဲ အဆောက်အအုံဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကို သို့မဟုတ် တိုးချဲ့ဆောက်လုပ်သည်ကို ရပ်ဆိုင်း စေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ |
| ၁၈(ခ) | လမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် စသည့်များပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏တစ်စိတ်တစ်ပိုင်းဖြစ်စေ ကျူးကျော် ဆောက်လုပ်ခြင်းကို ဖယ်ရှားစေခြင်း၊ |
| ၁၈(ဂ) | လမ်း၊ တံတား တည်ဆောက်ပြင်ဆင်ရာတွင် မလွတ်ကင်းသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏အစိတ်အပိုင်းကို ဖယ်ရှားစေခြင်း၊ |
| ၁၈(ဃ) | အန္တရာယ်ရှိသော သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သော အဆောက်အအုံကို ဖြစ်စေ၊ အဆောက်အအုံတစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဖယ်ရှားစေခြင်း၊ |
| ၂၀(ဃ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းမွန်စွာ ထုတ်ပစ်နိုင်ရန် မြေကို ပြုပြင်စေခြင်း၊ |
| ၂၀(င) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို စီမံထားရှိစေခြင်း၊ |
| ၂၀(ဇ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏မြေကိုဖြတ်၍ ဆောင်ရွက်ရခြင်းကြောင့် နစ်နာမှုလျော်ကြေးငွေပေးစေခြင်း၊ |
| ၂၁(ခ) | ကျန်းမာရေးနှင့်မညီညွတ်သော ရေပေးရေးလုပ်ငန်းကို ပိတ်ထားစေခြင်း၊ |
| ၂၁(ဂ) | တည်းခိုခန်း၊ ဟိုတယ်၊ မိုတယ်၊ အင်း(Inn)၊ ဘော်ဒါဆောင်၊ အခန်းလိုက်ငှားသော အဆောက်အအုံကို |

Myanmar Law Information System (MLIS)

| | |
|---|---|
| | သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၂၃(က) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ပိတ်ထားစေခြင်း၊ |
| ၆၁(က) | လမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် အဆောက်အအုံကို ဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ဝင်းခြံကိုဖြစ်စေ၊ ကျူးကျော် ဆောက်လုပ်ခြင်း၊ ကာရံခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၁(ဂ) | အများပြည်သူနှင့် သက်ဆိုင်သောလမ်းများ၏ လမ်းမျက်နှာပြင်ထက်မြင့်၍ မည်သည့် ကြမ်းခင်းကိုမျှ လမ်းနယ်နိမိတ်အတွင်း မပြုလုပ်ရန်တားမြစ်ခြင်း၊ |
| ၆၂(ဂ) | ရေမြောင်းအတွင်း ရေစီးရေလာကောင်းမွန်မှုကို ထိခိုက်ပိတ်ဆို့စေခြင်း မပြုလုပ်ရန် တားမြစ်ခြင်း၊ |
| ၆၂(င) | ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၂(စ) | ဝင်ထွက်နိုင်သောလမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်း မပြုရန်တားမြစ်ခြင်း၊ |
| ၆၃(က) | အဆောက်အအုံဆောက်လုပ်ခြင်း၊ ပြင်ဆင်တိုးချဲ့ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း မပြုရန်တားမြစ်ခြင်း၊ |
| ၆၃(ဂ) | ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်း မပြုရန် တားမြစ် ခြင်း၊ |
| ၆၃(ဃ) | အများပြည်သူအတွက် စခန်းချရာနေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင် ဖွင့်လှစ်ခြင်း မပြုရန်တားမြစ်ခြင်း၊ |
| ၆၄(က) | လူသေအလောင်းကို သတ်မှတ်သည့်ကာလထက် ကျော်လွန်၍မထားရန် တားမြစ် ခြင်း၊ |
| ၆၄(ခ) | ကူးစက်ရောဂါဖြင့်သေဆုံးသည့် လူသေအလောင်းကို ၁၂နာရီထက်ကျော်လွန်၍ ထားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၄(ဂ) | သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ လူသေအလောင်းကို မြေမြှုပ် ခြင်း၊ မီးသင်္ဂြိုလ်ခြင်းမပြုလုပ်ရန်တားမြစ်ခြင်း၊ |
| ၆၅(က) | တည်းခိုခန်း၊ ဟိုတယ်၊ မိုတယ်၊ အင်း(Inn)၊ ဧည့်ဂေဟာဘော်ဒါဆောင် ဖွင့်လှစ် ခြင်းမပြုရန်တားမြစ်ခြင်း၊ |
| ၆၅(ခ) | အစားအသောက်ဆိုင်ဖွင့်လှစ်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅(ဂ) | အစားအသောက် ထုတ်လုပ်သည့်လုပ်ငန်း တည်ထောင်လုပ်ကိုင်ခြင်းမပြုရန် တားမြစ် ခြင်း၊ |
| ၆၈(က) | ကိုယ်ပိုင်ဈေးဖွင့်လှစ်ခြင်း၊ ဈေးနေရာပြောင်းရွှေ့ခြင်း၊ ပြန်လည်ဖွင့်လှစ်ခြင်း၊ ဈေးဧရိယာ တိုးချဲ့ပြင်ဆင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |

Myanmar Law Information System (MLIS)

| | |
|---|---|
| ၆၈(ဃ) | ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ တိရစ္ဆာန်ပွဲဈေးများ တည်ထောင် ဖွင့်လှစ်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၈(င) | ရေခဲ၊ ရေသန့်နှင့် အချိုရည်စက်ရုံများ ဖွင့်လှစ်တည်ထောင်ခြင်း မပြုရန်တားမြစ် ခြင်း၊ |
| ၆၈(စ) | ပုဂ္ဂလိကအပေါင်ဆိုင်လုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်း မပြုရန်တားမြစ်ခြင်း၊ |
| ၆၈(ဆ) | ကုန်စည်ပြပွဲ၊ ဈေးပွဲတော်များ၊ ပြခန်းများတည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်း၊ ရောင်းချ ခြင်း မပြုရန်တားမြစ်ခြင်း။ |

ရှင်းလင်းချက်။ အထက်ဖော်ပြပါ ဇယားစာတိုင်(၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည်သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက်အဓိပ္ပါယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာဖြစ် သည်။

၇၇။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုလည်း ကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူသည် တစ်နှစ်ထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံးကျပ် ၂၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်-

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၂၁(င) | အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း လုပ်ကိုင်ရာတွင် အန္တရာယ်ရှိလာလျှင် လုပ်ငန်း နေရာကို အသုံးမပြုစေခြင်း၊ ပြင်ဆင်စီမံဆောင်ရွက်ခြင်း၊ ရပ်ဆိုင်းစေခြင်း၊ |
| ၂၃(ခ) | အသုံးပြုရန် မသင့်သည့်သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ |
| ၆၆(က) | အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း၊ အခြားပုဂ္ဂလိက စီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်း၊ ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၆(ခ) | အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း၊ ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများရောင်းချခြင်း၊ သိုလှောင်ခြင်းမပြုရန်တားမြစ်ခြင်း၊ |
| ၆၇(ခ) | တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်နှင့်အညီသုတ်သင်ရှင်းလင်းစေခြင်း။ |

Myanmar Law Information System (MLIS)

ရှင်းလင်းချက်။ အထက်ဖော်ပြပါဇယားစာတိုင်(၂)“ပြဋ္ဌာန်းချက်အကျဉ်း” ခေါင်းစဉ်အောက်ရှိ ဖော်ပြ ချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၇၈။ မည်သူမဆို ပုဒ်မ ၁၂ ပါပြဋ္ဌာန်းချက်အရ အခွန်စည်းကြပ်ကောက်ခံခြင်းကိုလည်းကောင်း သက် ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ၅၀၀၀၀ အထိချမှတ် ခြင်းခံရမည်။

၇၉။ မည်သူမဆို ပုဒ်မ ၃၁ နှင့် ပုဒ်မ ၃၂ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ အထိချမှတ်ခြင်းခံရမည်။

၈၀။ မည်သူမဆို ပုဒ်မ ၇၅ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကို လည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် သတ်မှတ်ကာလ ထက်ကျော်လွန်ပြီး ဆက်လက်၍ လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်သိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

<ပြင်ဆင် 31.12.2014>

၈၁။ မည်သူမဆို ပုဒ်မ ၇၆ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်း ကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး နောက်တွင် သတ်မှတ်ကာလထက် ကျော်လွန်ပြီးဆက်လက်၍ လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ကျပ်နှစ်သိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

<ပြင်ဆင် 31.12.2014>

၈၂။ မည်သူမဆို ပုဒ်မ ၇၇ တွင်ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး နောက်တွင်ဆက်လက်၍ လိုက် နာရန်ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့ အသီးသီး အတွက် တစ်နေ့လျှင် ငွေဒဏ် ကျပ် ၂၀၀၀ ချမှတ်ခြင်းခံရမည်။

၈၃။ မည်သူမဆို ပုဒ်မ ၆၉ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၂၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ အထိချ မှတ်ခြင်းခံရမည်။

Myanmar Law Information System (MLIS)

၈၄။ (က) မည်သူမဆို ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် ကျွဲ၊ နွား၏အသားကို သို့မဟုတ် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ်တစ်နှစ်အထိ ချမှတ်ခြင်းခံရမည်။ ထို့ပြင် ထိုသူအား ငွေဒဏ်လည်းချမှတ်နိုင်သည်။

(ခ) ဤပုဒ်မအရ တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွားကိုသတ်ဖြတ်ကြောင်း သို့မဟုတ် လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏ အသားသည် တရားဝင်ခွင့်ပြုချက် ဖြင့် သတ်ဖြတ်သော သို့မဟုတ် အခြားအကြောင်း တစ်ခုခုဖြင့်သေဆုံးသော ကျွဲ၊ နွား၏အသား ဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၈၅။ မည်သူမဆို ခွင့်ပြုချက်မရှိဘဲ မြင်း၊ သိုး၊ ဆိတ်၊ ဝက် ကိုသတ်ဖြတ်ကြောင်း သို့မဟုတ် မြင်း၊ သိုး၊ ဆိတ်၊ ဝက်၏အသားကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည်ခြောက် လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံးကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၈၆။ ပုဒ်မ ၃၆ သို့မဟုတ် ပုဒ်မ ၃၇ သို့မဟုတ် ပုဒ်မ ၃၈ ကိုဆန့်ကျင်ဖောက်ဖျက်သည့်အတွက် စွဲဆိုသောအမှုများကို သက်ဆိုင်ရာကော်မတီ သို့မဟုတ် ကော်မတီကတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်ကသာ တရားစွဲဆိုရမည်။

၈၇။ ကော်မတီသည် ဤဥပဒေအရ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။ ထိုကဲ့သို့ တောင်းခံလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကူအညီပေးရမည်။

၈၈။ ပုဒ်မ ၈၄၊ ပုဒ်မ ၈၅ ပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

## အခန်း(၁၉)

## အထွေထွေ

၈၉။ စည်ပင်သာယာရေးလုပ်ငန်းတစ်ခုခုသည် စည်ပင်သာယာရေးအဖွဲ့နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက်ပို သောအဖွဲ့များနှင့် ဆက်စပ်သည့်လုပ်ငန်းဖြစ်ပါက ယင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် သက်ဆိုင်သည့် စည်ပင်သာယာရေးအဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက်ပိုသော အဖွဲ့များသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၉၀။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ အစိုးရအဖွဲ့သည် စည်ပင်သာယာ ရေးအဖွဲ့က ဆောင်ရွက်သောလုပ်ငန်းနှင့် ဆက်နွယ်သော အခြားအစိုးရဌာနတစ်ခုခု၏ လုပ်ငန်းဆောင် ရွက်မှုအရ ကောက်ခံရရှိသည့် အခွန်၊ အခများမှ သင့်လျော်သော အခွန်၊ အခအချိုးအစားကို စည်ပင် သာယာရေးအဖွဲ့သို့ ခွဲဝေပေးစေရေးအတွက် သက်ဆိုင်ရာဝန်ကြီး ဌာနနှင့်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၉၁။ ကော်မတီသည် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေး အဖွဲ့ပိုင် ရန်ပုံငွေကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုလည်း ကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

Myanmar Law Information System (MLIS)

၉၂။ နိုင်ငံတော်ကာကွယ်ရေးနှင့် သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက် အအုံများမှအပ အခြားနိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီ သို့ ကြိုတင်အကြောင်းကြားရမည်။

၉၃။ ဤဥပဒေနှင့်အညီဖြစ်စေ ဤဥပဒေအရထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေ၊ သဘောရိုးဖြင့်ဆောင်ရွက်သည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းကိုဖြစ်စေ၊ မည် သည့်တရားရုံးတွင်မှ တရားစွဲဆိုခွင့်မရှိစေရ။

၉၄။ စည်ပင်သာယာရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ တည်ဆဲစည်းကမ်းများ၊ အမိန့်များနှင့်ညွှန်ကြား ချက်များသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ဤဥပဒေနှင့်လည်းကောင်း၊ မဆန့်ကျင်သ၍ အတည်ဖြစ်စေရမည်။

၉၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်လိုအပ်ပါက နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း များ၊ စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်ရာတွင်-

(က) ဝန်ကြီးသည် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) တိုင်းဒေသကြီးအကြီးအမှူးသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ဂ) ကော်မတီသည် ဒေသန္တရအမိန့်ကို တိုင်းဒေသကြီးအကြီးအမှူး၏ သဘောတူညီချက်ဖြင့် ထုတ် ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဘုန်းမော်ရွှေ
ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

Myanmar Law Information System (MLIS)